Message Two

# အသင်းတော်၏ အသက်ဆိုင်ရာ တိုးပွားမှုအတွက် ၎င်း၏ ပင်ကိုမူလကြီးထွားမှု

ဖတ်ရန်ကျမ်း။ ။ ကော၂း၁၉။ ဧ၄း၁၁၊ ၁၅-၁၆။ ၁ကော၃း၆-၇။ ၁၂း၁၂။ ယော၃း၂၉-၃၀က၊ ၃၄

## I. အသင်းတော်၏ပင်ကိုမူလ ကြီးထွားမှု၊ အသက်ဆိုင်ရာ ကြီးထွားမှုသည် ဘုရားဆိုင်ရာအသက်၌၊ အဆင့်ဆင့်ဖြတ်ကျော်သော၊ ဝေငှဖြန့်ဖြူးသော သုံးပါးတစ်ပါးဘုရား၌ ကြီးထွားခြင်းဖြစ်သည် - ဧ၄း၁၅-၁၆။ ၃း၁၆-၁၇။ ၂ကော၁၃း၁၄။

A. အသင်းတော်သည် ဤအသက်၌၊ ဤအသက်အားဖြင့်၊ ဤအသက်နှင့်အတူ၊ ဤအသက်မှတစ်ဆင့် ကြီးထွားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုယ်တော်တိုင်တည်းဟူသော ဘုရားဆိုင်ရာအသက်ဖြင့် မွေးဖွားလာကြပြီး၊ ယခု ဘုရားသခင်က ကျွန်ုပ်တို့ကို ကြီးထွားစေခြင်း ပြုနေသည် - ယော၁း၁၂-၁၃။ ၁ကော၃း၆။

B. ကောလောသဲ ၂း၁၉ တွင် ကိုယ်ခန္ဓာတော်၏ ကြီးထွားခြင်း၊ တစ်နည်းအားဖြင့် ကျွန်ုပ်တို့အတွင်းမှ ဘုရားသခင်၏ကြီးထွားခြင်းအကြောင်းကို ပြောထားသည်။

1. ကြီးထွားခြင်းမှာ ခရစ်တော်ကို ကျွန်ုပ်တို့အထဲသို့ ထပ်ပေါင်းထည့်ခြင်း ဖြစ်သည် - ၁ကော၃း၆-၇။ ဂလ၄း၁၉။
2. ကိုယ်ခန္ဓာတော်၏ကြီးထွားခြင်းသည် ဦးခေါင်းတော်ဖြစ်သည့် ခရစ်တော်မှ ထွက်ပေါ်လာသည့်အရာအပေါ်တွင် မူတည်နေပါသည် - ဧ၄း၁၅-၁၆။
   a. ကိုယ်ခန္ဓာတော်သည် ဦးခေါင်းတော်ကို ကိုင်စွဲခြင်းအားဖြင့် မစခြင်းခံရသောအခါ၊ ကိုယ်ခန္ဓာတော်သည် ဘုရားသခင်၏ကြီးထွားခြင်းနှင့်အညီ ကြီးထွားခြင်းရှိလေသည် - ကော၂း၁၉။
   b. ကိုယ်ခန္ဓာတော်သည် ဦးခေါင်းတော်ထဲမှ ကြီးထွားလာခြင်းဖြစ်သည်၊ အကြောင်းမှာ မစမှုအားလုံးသည် ဦးခေါင်းတော်မှ ထွက်လာသောကြောင့် ဖြစ်သည် - ဧ၄း၁၅-၁၆။
3. ကိုယ်ခန္ဓာတော်၏ ကြီးထွားခြင်းသည် ကျွန်ုပ်တို့အတွင်း၌ ဘုရားသခင်၏ကြီးထွားခြင်း၊ ဘုရားသခင်၏ထပ်ပေါင်းထည့်ပေးခြင်း၊ ဘုရားသခင်၏တိုးပွားခြင်းအပေါ် မူတည်နေသည် - ကော၂း၁၉။
   a. ဘုရားသခင်သည် မိမိကိုယ်တော်တိုင်၌ ကြီးထွားခြင်းမဟုတ်ပါ၊ အကြောင်းမှာ ကိုယ်တော်သည် ပြည့်စုံကာ စုံလင်သောအရှင်ဖြစ်သည်၊ ကိုယ်တော်သည် ကျွန်ုပ်တို့အတွင်း၌ ကြီးထွားနေခြင်းဖြစ်သည်။
   b. ဘုရားသခင်သည် မိမိကိုယ်တော်တိုက်ကို ကျွန်ုပ်တို့ထံ အတွင်းကျကျနည်းလမ်း၌ ပေးခြင်းဖြင့် ကြီးထွားစေရန် ပြုပေးနေသည်။
   c. ဘုရားသခင်သည် ကျွန်ုပ်တို့အထဲသို့ ပို၍ ပေါင်းထည့်လေလေ၊ ကျွန်ုပ်တို့ကို ကိုယ်တော်ကြီးထွားစေခြင်း ရှိလေလေဖြစ်သည်။ ဤသည်မှာ ဘုရားသခင်က ကြီးထွားစေသည့် နည်းလမ်းဖြစ်သည် - ၁ကော၃း၆-၇။
   d. ဘုရားသခင်သာလျှင် ကြီးထွားစေနိုင်သည်။ ဘုရားသခင်သာလျှင် ကျွန်ုပ်တို့အား မိမိကိုယ်တော်တိုင်ကို ပေးနိုင်သည်၊ ကိုယ်တော်မပါဘဲ ကျွန်ုပ်တို့သည် ကြီးထွားခြင်း မရှိနိုင်ပါ - အငယ်၆-၇။
      (1) ကျွန်ုပ်တို့အထဲသို့ ဘုရားသခင်ကို ပေါင်းထည့်ခြင်းသည် ကိုယ်တော်ပေးသည့် ကြီးထွားစေခြင်းဖြစ်သည်။
      (2) ဘုရားသခင်က ကျွန်ုပ်တို့ကို ကြီးထွားစေခြင်းဟူသည်မှာ အမှန်တွင် ကိုယ်တော်သည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ထံ ပေးခြင်းကို ဆိုလိုခြင်းဖြစ်သည် - ရော၈း၁၁။
      (3) ဘုရားသခင်က ကျွန်ုပ်တို့ကို အသက်၌ ကြီးထွားစေခြင်း ဟူသည်မှာ ကိုယ်တော်ကိုယ်တိုင်သည် ကျွန်ုပ်တို့အတွင်း၌ တိုးပွားလာခြင်းကို ဆိုလိုသည်။
4. ကျွန်ုပ်တို့အတွင်း၌ ဘုရားသခင်မည်မျှ ကြီးထွားခြင်းမှာ ကျွန်ုပ်တို့က ကိုယ်တော်အား ကြီးထွားလာရန် အခန်းမည်မျှ ပေးခြင်းအပေါ် မူတည်နေသည် - ဧ၃း၁၇က။ ကော၃း၁၆။

a. ကျွန်ုပ်တို့၌ ဘုရားသခင်ကို အခန်းပေးသောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့အတွင်း၌ ကျယ်ပြန့်လာကာ တိုးပွားလာသည်။ ဤတိုးပွားခြင်းသည် ကျွန်ုပ်တို့၌ ကိုယ်တော် ကြီးထွားခြင်းဖြစ်သည်။
b. ကျွန်ုပ်တို့၌ ဘုရားသခင်၏ကြီးထွားခြင်းသည် ကျွန်ုပ်တို့၏ကြီးထွားခြင်းဖြစ်လာသည်၊ အကြောင်းမှာ ကိုယ်တော်နှင့်ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝတည်းဖြစ်သောကြောင့်တည်း - ၁ကော၊၆း၁၇။
5. ခရစ်တော်ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်၏ ကြီးထွားခြင်းသည် အသင်းတော်၌ ဘုရားသခင်၏ ကြီးထွားခြင်းဖြစ်သည် - ကော၊၂း၁၉။

C. အသင်းတော်သည် ရင့်ကျက်ခြင်းပမာဏသို့ ရောက်သည့်တိုင် - "ခရစ်တော်၏ ပြည့်ဝပြည့်စုံခြင်းပမာဏအရပ်သို့" ရောက်သည့်တိုင် ကြီးထွားနေသည် - ဧ၊၄း၁၃။
1. ခရစ်တော်၌ ပြည့်ဝပြည့်စုံခြင်းရှိပြီး၊ ပြည့်ဝပြည့်စုံခြင်း၌ အရပ်အမောင်းရှိကာ၊ အရပ်အမောင်း၌ အတိုင်းအတာပမာဏ ရှိသည်။
2. ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ကိုယ်တော်၏ ပြည့်ဝပြည့်စုံခြင်း၊ ကိုယ်တော်၏ထင်ရှားခြင်းဖြစ်သည် - ၁း၂၃။
a. မည်သည့်ကန့်သတ်ချက်မျှမရှိသော အကန့်အသတ်မဲ့ ဘုရားသခင်ဖြစ်သည့် ခရစ်တော်သည် လွန်စွာကြီးမြတ်ကာ အလုံးစုံသောအရာတို့၌ အလုံးတို့ကို ဖြည့်တော်မူသည်။
b. ထိုသို့ ကြီးမြတ်သည့် ခရစ်တော်သည် ကိုယ်တော်၏ပြည့်စုံသော ထင်ရှားခြင်းအတွက် ကိုယ်တော်၏ပြည့်ဝပြည့်စုံခြင်းအဖြစ် အသင်းတော်ကို လိုအပ်နေသည် - အငယ်၊၂၂-၂၃။
c. ခရစ်တော်၏ကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်ခြင်းမှတစ်ဆင့် (၃း၈) ကျွန်ုပ်တို့သည် ကိုယ်တော်၏ ပြည့်စုံသောထင်ရှားခြင်းအတွက် ကိုယ်တော်၏ပြည့်ဝပြည့်စုံခြင်း ဖြစ်လာကြသည်။
3. ခရစ်တော်၏ပြည့်ဝပြည့်စုံခြင်းဖြစ်သည့် ကိုယ်တော်၏ကိုယ်ခန္ဓာတော်၌ အရပ်အမောင်းရှိသည်။ ခရစ်တော်၏ ပြည့်ဝပြည့်စုံခြင်းအရပ်အမောင်းသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ အရပ်အမောင်းဖြစ်သည် - ၄း၁၃။ ၁း၂၃။
4. ခရစ်တော်၏ပြည့်ဝပြည့်စုံခြင်း၌ အရပ်အမောင်းရှိပြီး၊ ဤအရပ်အမောင်းသည် အတိုင်းအတာပမာဏရှိသည် - ၄း၁၃။
a. ခရစ်တော်ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်၏ အရပ်အမောင်းသည် ကြီးထွားခြင်းရှိသောကြောင့် ပေါလုက ၎င်း၏ပမာဏအကြောင်း ပြောထားခဲ့သည်။ ဤပမာဏသည် ကြီးရင့်သောလူ ဖြစ်သည် - အငယ်၊၁၃။
b. ကျွန်ုပ်တို့သည် ကြီးရင့်သောလူအဖြစ်သို့၊ ခရစ်တော်၏ပြည့်ဝပြည့်စုံခြင်းအရပ် ပမာဏသို့တိုင် လမ်းကြောင်းပေါ်တွင် ရှိနေကြသည်။
(1) ခရစ်တော်၏ ပြည့်ဝပြည့်စုံခြင်း အရပ်ပမာဏသို့ ရောက်ခြင်းမှာ တစ်ဦးချင်းဆိုင်ရာ အကြောင်းအရာမဟုတ်ပါ၊ ယင်းမှာ စုပေါင်းထားသော ကိုယ်ခန္ဓာတော်၏ အကြောင်းအရာဖြစ်သည်။
(2) ခရစ်တော်သည် ကျွန်ုပ်တို့အတွင်း၌ ကြီးထွားသည်နှင့်အမျှ ကျွန်ုပ်တို့သည် ခရစ်တော်၏ပြည့်ဝပြည့်စုံခြင်းအရပ်ပမာဏသို့ တဖြည်းဖြည်း ရောက်ရှိလာလိမ့်မည်ဖြစ်သည်။
(3) ကျွန်ုပ်တို့သည် ခရစ်တော်၏ပြည့်ဝပြည့်စုံခြင်းအရပ် ပမာဏသို့ ရောက်ရှိသည့်တိုင်အောင် အားထုတ်ချီတက်ရန် လိုအပ်သည်။ ဤအရာသည် ကျွန်ုပ်တို့၏ပန်းတိုင်ဖြစ်ကာ၊ ကျွန်ုပ်တို့အားလုံး ထိုအရပ်သို့ အတူတကွ ရောက်ရှိသည့်တိုင်အောင် ဖွဲလုံ့လရှိစွာ ရှေ့ဆက်ချီတက်ရမည်ဖြစ်သည် - ဖိ၊၃း၁၂-၁၄။

## II. အသင်းတော်၏ အသက်ဆိုင်ရာတိုးပွားခြင်းမှာ ကိုယ်တော်၏သတို့သမီးတည်းဟူသော ကိုယ်တော်၏ ရှင်သန်သောကိုယ်ခန္ဓာတော်၌ ခရစ်တော်၏ တိုးပွားခြင်း ဖြစ်သည် - ယော၊၃း၂၉-၃၀က။

A. ခရစ်တော်၏ ပြည့်ဝပြည့်စုံခြင်းသည် ကိုယ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ပြီး၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ကိုယ်တော်၏အဖော်အဖက်၊ ကိုယ်တော်၏သတို့သမီးဖြစ်သည် - ဧ၊၄း၁၂-၁၃၊ ၁၆။ ၅း၂၅-၂၇။

B. "မင်္ဂလာဆောင်သတို့သမီးကို ရသောသူသည် မင်္ဂလာဆောင်သတို့သားဖြစ်၏ ..... ထိုသခင်သည် တိုးပွားခြင်း ရှိရမည်" ယော၊၃း၂၉-၃၀က။

1. ယောဟန် ၃း၃၀က ရှိ တိုးပွားခြင်းမှာ အငယ်၊၂၉ ရှိ သတို့သမီးဖြစ်ကာ၊ သတို့သမီးသည် အသစ်မွေးဖွားခံရသည့်လူများ အားလုံးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။
2. အသစ်မွေးဖွားခြင်းသည် ယုံကြည်သူများအထဲသို့ ဘုရားဆိုင်ရာအသက်ကို ယူဆောင်လာပေးရုံသာမက၊ သူတို့ကို ခရစ်တော်၏တိုးပွားခြင်းအတွက် စုပေါင်းထားသော သတို့သမီးလည်း ဖြစ်စေသည် - အငယ်၊၃၊ ၅-၆၊ ၂၉-၃၀က။
3. ခရစ်တော်သည် ရွေးနုတ်ခံရသော အပြစ်သားများကို အသစ်မွေးဖွားခြင်းအားဖြင့် တိုးပွားကာ၊ သူတို့ကို ကိုယ်တော်၏ သတို့သမီး ဖြစ်စေသည် - အငယ်၊၂၉။

C. ယောဟန်ဧဝံဂေလိစာစောင်၏ အခန်း ၃ တွင် တိုးပွားခြင်းရှိသော ခရစ်တော်အကြောင်း၊ ဘုရားသခင်၏နှုတ်ကပတ်စကားများကို ပြောသောသူ၊ ဝိညာဉ်တော်ကို အတိုင်းအဆမရှိ ပေးသောသူအကြောင်း ဖွင့်ပြထားသည် - အငယ်၊၃၄။

1. တစ်စုံတစ်ယောက်က ကိုယ်တော်၏စကားတော်ကို လက်ခံရရှိသောအခါ ဝိညာဉ်တော်သည် မြွက်ဆိုခဲ့ပြီးသောအရာ၏စစ်မှန်ခြင်းဖြစ်ရန် လိုက်လာသည်။
2. ခရစ်တော်သည် မိမိကိုယ်တော်တိုင်ကို တိုးပွားစေခြင်းမှာ ဘုရားသခင်ကို ပျံ့နှံ့စေရန် ဘုရားသခင်၏စကားတော်ကို ပြောဆို၍၊ ကိုယ်တော်ပြောခဲ့သည့်အရာ၏ စစ်မှန်ခြင်းဖြစ်ရန် ဘုရားသခင်၏ဝိညာဉ်တော်ကို ပေးခြင်းအားဖြင့် တိုးပွားခြင်းဖြစ်သည်၊ ယင်းမှာ ထာဝရအသက်ကို လူများအထဲသို့ ဝေငှဖြန့်ဖြူးပြီး၊ သူတို့ကို ခရစ်တော်၏တိုးပွားခြင်းဖြစ်စေရန် ဘုရားသခင်၏သားသမီးများဖြစ်လာစေခြင်းအလို့ငှာ ဖြစ်သည်။ ဤသည်မှာ ခရစ်တော်သည် တိုးပွားသောခရစ်တော်ဖြစ်လာသည့် နည်းလမ်းပင်ဖြစ်သည် - မ်း၆၃။ ၃း၃၀က၊ ၃၄။

D. ခရစ်တော်၏တိုးပွားခြင်းသည် ခရစ်တော်၏ ဆပွားခြင်းနှင့် ပုံတူမှုပွားခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အသစ်မွေးဖွားခံရသော ဖြစ်ခြင်းအပိုင်းသည် ခရစ်တော်၏တိုးပွားခြင်းအပိုင်း၊ ကိုယ်တော်၏သတို့သမီးဖြစ်သည့် အပိုင်းဖြစ်သည် - အငယ်၊၆။

E. ခရစ်တော်၏တိုးပွားခြင်းဖြစ်သည့် သတို့သမီးသည် ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သည်၊ အကြောင်းမှာ ခရစ်တော်၏ ကိုယ်ခန္ဓာတော် - "ထိုခရစ်တော်"(၁ကော၊၁၂း၁၂) သည် စုပေါင်းထားသော ခရစ်တော်ဖြစ်ကာ၊ ဦးခေါင်းတော်ဖြစ်သည့် ခရစ်တော်နှင့် အင်္ဂါဝင်များအဖြစ် ယုံကြည်သူများအားလုံးနှင့်အတူ ကိုယ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသောကြောင့် ဖြစ်သည်။

© 2021 Living Stream Ministry